# အငြင်းပွားမှု ဖြေရှင်းရေး အပြီးသတ် အစီရင်ခံစာ - မြန်မာ့သြဘာအုပ်စု ကုမ္ပဏီ လီမိတက် - ၀၁/မြန်မာ

*ယခုအစီရင်ခံစာသည် မြန်မာနိုင်ငံတွင် အိုင်အက်ဖ်စီမှ ပံ့ပိုးပေးခဲ့သော သြဘာအုပ်စုကုမ္ပဏီ (#၃၅၈၈၀)အကြောင်းနှင့် စပ်လျဉ်းသည့် စီအေအို အငြင်းပွားမှု ဖြေရှင်းရေးလုပ်ငန်းစဉ်ကို အနှစ်ချုပ် ဖော်ပြထားပါသည်။*

---

## ခြုံငုံတင်ပြခြင်း

### စီမံကိန်း

မြန်မာသြဘာအုပ်စုကုမ္ပဏီလီမိတက် (#၃၅၈၈၀) ("သြဘာ သို့မဟုတ် "ကုမ္ပဏီ")သည် ၎င်း၏ ပင်မလုပ်ငန်း တိုးချဲ့ခြင်းကို ပံ့ပိုးရန် ၂၀၁၆ခုနှစ်တွင် အိုင်အက်ဖ့်စီထံမှ အမေရိကန် ဒေါ်လာ (၁၀)သန်းကို convertible C-Loan အမျိုးအစား ချေးငွေအဖြစ် ရရှိခဲ့ပါသည်။ အိုင်အက်ဖ့်စီ ရင်းနှီးမြှုပ်နှံမှု၏ ရည်ရွယ်ချက်မှာ စက်မှုဇုံတစ်ခု အတွင်း၌ အစိုးရ တည်ဆောက်ခဲ့သော လက်ရှိ သီးနှံ ကာကွယ်ရေး စက်ရုံ (မြန်မာ့ ပိုးသတ်ဆေးစက်ရုံ MPI)အနီးတွင် စိုက်ပျိုးရေးသုံး ဓာတုဆေးဝါး ဖော်စပ်ရေး စက်ရုံသစ် တစ်ရုံ တည်ဆောက်ခြင်း၊ ကုန်သိုလှောင်ရုံများ ထပ်တိုး ဆောက်လုပ်ခြင်း၊ ဓာတ်မြေဩဇာ ဖြန့်ဖြူးရေးစခန်းများ၊ (ဆေးဝါးများ ပုလင်း အတွင်း ထည့်ပေးသည့် စက်များနှင့် ထုပ်ပိုးပေးသည့် စက်ကိရိယာများ စသည့်) စက်ယန္တရားများနှင့် လုပ်ငန်း လည်ပတ်ရန် ငွေရင်းငွေနှီးတို့အတွက် ဖြစ်ပါသည်။

မြန်မာ့သြဘာ၏ စက်ရုံသစ် (မှော်ဘီ စိုက်ပျိုးရေး သွင်းအားစု စက်ရုံစု သို့မဟုတ် the Hmawbi Agricultural Inputs Complex - HAIC)ကို ၂၀၂၀နှစ်ကုန်အထိ အဆင့်ဆင့် တည်ဆောက်ရန် စီစဉ်ထားပါသည်။ ယခုအခါ ပြီးစီးထားသော ပထမအဆင့်မှာ သီးနှံ ကာကွယ်ရေး ကုန်ပစ္စည်းများအတွက် ဓာတုဆေးဝါး ဖော်စပ်သည့် နောက်ဆုံးပေါ် စက်ရုံတစ်ရုံကို ရန်ကုန်မြို့၏ မြောက်ဘက် ၃၀ ကီလိုမီတာ ဝေးသော၊ မှော်ဘီမြို့နယ် အတွင်း တည်ဆောက်ခြင်းဖြစ်ပါသည်။

စီမံကိန်းတစ်ခုလုံးကို အမေရိကန် ဒေါ်လာ (၄၀)သန်းခန့် ကုန်ကျမည်ဟု ခန့်မှန်း ထားပါသည်။

### တိုင်ကြားချက်

သြဘာ၏ စိုက်ပျိုးဓာတုစက်ရုံသစ် အနီး ဝန်းကျင်တွင် နေထိုင်သော ဒေသခံတစ်ဦးမှ ၎င်းကိုယ်တိုင်နှင့် ဒေသခံ အုပ်စုတစ်စု ကိုယ်စား ("တိုင်ကြားသူများ") စီအေအိုသို့ တိုင်ကြားချက်ကို ၂၀၁၇ခုနှစ်၊ အောက်တိုဘာလတွင် တင်သွင်းခဲ့ပါသည်။

တိုင်ကြားချက်တွင် ချောင်းများနှင့် အဝိစိတွင်းများ အပါအဝင် ဒေသန္တရ ရေရင်းမြစ်များအပေါ် သြဘာ စီမံကိန်း၏ သက်ရောက်မှုများ၊ စက်ရုံ မဆောက်မီနှင့် ဆောက်လုပ်စဉ် ဒေသခံ ပြည်သူများနှင့် ညှိနှိုင်း ဆွေးနွေးမှု မရှိခြင်းနှင့် စီမံကိန်းအကြောင်း သတင်းအချက်အလက်များ ထုတ်ပြန်ချပြမှု မရှိခြင်းတို့နှင့် ပတ်သက်၍ စိုးရိမ်မှုများကို ဖော်ပြထားပါသည်။ ထို့အပြင် တိုင်ကြားချက်တွင် စီမံကိန်းအတွက် လုပ်ကိုင်ခွင့် ပါမစ် ချပေးသည့် လုပ်ငန်းစဉ်နှင့် အိုင်အက်ဖ်စီ မူဝါဒများနှင့် စံနှုန်းများအား လိုက်နာမှုကိုပါ မေးခွန်းထုတ် ထောက်ပြခဲ့ပါသည်။ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများနှင့် သြဘာ၏ အသစ် ဆောက်လုပ်ထားသော စက်ရုံနှင့် ကပ်လျက် လက်ရှိ အစိုးရ ပိုးသတ်ဆေးစက်ရုံအတွင်း အလုပ် လုပ်နေသော ဒေသခံများအပေါ် ကျန်းမာရေး ထိခိုက်မှုများ၊ ရွာချင်းဆက် လမ်းများကို ပိတ်ဆို့ခြင်းနှင့် ဒေသန္တရ ဂေဟစနစ်အပေါ် သက်ရောက်မှုတို့နှင့် စပ်လျဉ်း၍ စိုးရိမ်မှုများလည်း ဖော်ပြ ထားပါသည်။ တိုင်ကြားချက် အပြည့်အစုံကို စီအေအို ဝဘ်ဆိုဒ် www.cao-ombudsman.org လေ့လာနိုင်ပါသည်။

## စီအေအို၏ ဆောင်ရွက်ချက်

<u>အကျုံးဝင်မှုရှိခြင်းနှင့် ဆန်းစစ်ချက်</u>

စီအေအိုသည် တိုင်ကြားချက် အကျုံးဝင်ကြောင်း ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလတွင် သတ်မှတ်ခဲ့ပြီး တိုင်တန်းသည့် ပြဿနာများအပေါ် ဆန်းစစ်ချက် တစ်ရပ်ကို ၂၀၁၈ခုနှစ်၊ မတ်လအတွင်း လုပ်ဆောင်ခဲ့ပါသည်။ စီအေအို၏ ဆန်းစစ်ချက်တွင် စီမံကိန်း စာရွက်စာတမ်းများ၊ တိုင်ကြားသူများမှ တိုင်ကြားချက်အတွက် အထောက်အကူ အဖြစ် တင်သွင်းသော စာရွက်စာတမ်းများကို စီအေအို ရုံးတွင်းမှာပင် လေ့လာ သုံးသပ်ခြင်း၊ တိုင်ကြားသူများ၊ အိုင်အက်ဖ်စီအဖွဲ့၊ ကုမ္ပဏီတို့နှင့် ဖုန်းဆက် ဆွေးနွေးခြင်း၊ အစည်းအဝေးလုပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ စီအေအိုမှ တိုင်ကြားသူများနှင့် ကုမ္ပဏီတို့နှင့် တွေ့ဆုံ ဆွေးနွေးရန် ကွင်းဆင်း လေ့လာရေးခရီးစဉ် တစ်ခုလည်း သွားခဲ့ပါသည်။ ကွင်းဆင်း လေ့လာစဉ် စီအေအိုသည် တိုင်ကြားသူများနှင့် ကျေးရွာ[redacted]ရွာသို့ သွားရောက်ခဲ့ပြီး စီအေအိုသို့ တိုင်စာပေးပို့ရာတွင် တိုင်ကြားသူများအား ကူညီပံ့ပိုးပေးခဲ့သော အရပ်ဘက် လူမှုအဖွဲ့အစည်းများ ဖြစ်သည့် [redacted]၊ IFI Watch န[redacted]တို့အား တွေ့ဆုံခဲ့ပါသည်။ ဆန်းစစ်ချက် လုပ်နေစဉ် တိုင်ကြားသူများနှင့် ကုမ္ပဏီတို့မှ တိုင်ကြားချက်တွင် ပါသော ပြဿနာ၊ ကိစ္စရပ်များကို ဖြေရှင်းရန် စီအေအိုမှ အဆင်ပြေ ချောမွေ့အောင် ကူညီပေးသော မိမိတို့ဆန္ဒ အလျောက် အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ် (“ဒီအာရ်လုပ်ငန်းစဉ်”) တွင် ပါဝင် ဆွေးနွေးကြရန် သဘောတူခဲ့ကြပါသည်။ ဆန်းစစ်ချက် လုပ်ငန်းစဉ်ဆိုင်ရာ အသေးစိတ် အချက်အလက်များကို စီအေအို၏ ဆန်းစစ်ချက် အစီရင်ခံစာတွင် တွေ့နိုင်ပါသည်။ [1]

[1] စီအေအို၏ ဆန်းစစ်ချက်အစီရင်ခံစာကို ဤနေရာတွင် လေ့လာနိုင်ပါသည် - http://www.cao-ombudsman.org/cases/document-links/documents/AwbaGroupCompanyLtd_AssessmentReport_ENG.pdf

[redacted]

*၂၀၁၈ခုနှစ်၊ မတ်လ၊ [redacted]တွင်း စီအေအို ဆန်းစစ်ချက်*

<u>ဆွေးနွေးပွဲအတွက် ကြိုတင်ပြင်ဆင်ခြင်း</u>

ဆန်းစစ်ချက်လုပ်ပြီးသည့်နောက် စီအေအိုသည် ၂၀၁၈ခုနှစ်၊ မေလနှင့် ဇွန်လအတွင်း စွမ်းဆောင်ရည် တည်ဆောက်ခြင်း အလုပ်ရုံ ဆွေးနွေးပွဲများကို တိုင်ကြားသူများ၊ ကုမ္ပဏီနှင့် တိုင်ကြားသူများအား ပံ့ပိုးပေးနေသော အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် ဆောင်ရွက်ခဲ့ပါသည်။ ဤအလုပ်ရုံ ဆွေးနွေးပွဲများ၏ ရည်ရွယ်ချက်မှာ အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်တွင် နှစ်ဘက်လုံး အနေဖြင့် မည်သည်တို့ကို မျှော်မှန်းရမည်ကို သိရှိစေရန်၊ လုပ်ငန်းစဉ်အတွင်း တစ်ဘက်ချင်း၏ အခန်းကဏ္ဍကို သတ်မှတ်ရန် ဖြစ်ပါသည်။

အငြင်းပွားနေသည့်နှစ်ဘက်လုံးအတွက် တစ်ဖွဲ့ချင်း သီးခြား ကျင်းပခဲ့သော အလုပ်ရုံ ဆွေးနွေးပွဲများမှတဆင့် အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်တွင် ထိရောက်စွာ ပါဝင် ဆွေးနွေးနိုင်ရန် လိုအပ်သော ဆက်သွယ် ပြောကြားရေးနှင့် ညှိနှိုင်းရေး နည်းလမ်း၊ ယန္တရားများကိုလည်း သိရှိနားလည်အောင် ပံ့ပိုးပေးခဲ့ပါသည်။

၂၀၁၈ခုနှစ်၊ ဇူလိုင်လအတွင်း နှစ်ဘက် အဖွဲ့များသည် အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်ကို ကြီးကြပ်ပေးမည့် အခြေခံစည်းမျဉ်း သဘောတူညီချက် (“ဂျီအာရ်အေ”) ကို စုပေါင်း၍ စတင် ရေးဆွဲကြရန် ပထမအကြိမ် ပူးတွဲ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည်။

ဂျီအာရ်အေကို ရေးဆွဲခြင်း၏ တစ်စိတ် တစ်ဒေသအဖြစ် နှစ်ဘက်အဖွဲ့များမှ ပို၍ ကျယ်ပြန့်သော သက်ဆိုင်သူများ၏ ကိုယ်စား ဖော်ထုတ်ထားသော ကိစ္စရပ်များကို ညှိနှိုင်း ဆွေးနွေးရန်နှင့် ဖြေရှင်းရန် တာဝန် ပေးထားသည့် ကိုယ်စားလှယ်များကို ရွေးချယ်ခဲ့ကြပါသည်။ ကုမ္ပဏီမှ ရွေးချယ်ထားသည့် ကိုယ်စားလှယ် ငါးယောက်တို့နှင့် တွေ့ဆုံ၊ ညှိနှိုင်းဆွေးနွေးရန် တိုင်ကြားသူများသည် (ကျေးရွာ[redacted]းရွာမှ တစ်ရွာလျှင် ကိုယ်စားလှယ် [redacted]ယောက်) စုစုပေါင်း ကိုယ်စားလှယ် [redacted]ဦးအား ရွေးချယ်ခဲ့ပါသည်။

တိုင်ကြားသူများသည် ၎င်းတို့၏ အကြံပေးများအဖြစ် ဆောင်ရွက်ရန် IFI Watch ၊ [redacted] (တိုင်ကြားသူများ စီအေအိုသို့ တိုင်ကြားစာ ပေးပို့နိုင်ရန် ကူညီပေးခဲ့သည့်) [redacted] ၊ Earth Rights International နှင့် (အမှုကို စိတ်ဝင်စားပြီး စီအေအို လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ကူညီပေးနိုင်သည့် နည်းပညာ

စွမ်းရည်များရှိသော) [redacted] စိမ်းလန်းအမိမြေအဖွဲ့ ဟူသည့် စီအက်စ်အို စုစုပေါင်း ခြောက်ဖွဲ့ကိုလည်း သတ်မှတ်ထားပါသည် (အဖွဲ့များအားလုံးကို စုစည်း၍ "အကြံပေးများ" ဟု သုံးနှုန်းပါသည်)။

၂၀၁၈ခုနှစ်၊ ဇူလိုင်လနှင့် ဒီဇင်ဘာလအတွင်း စီအေအိုသည် မြန်မာနိုင်ငံသို့ ခရီးစဉ် လေးကြိမ်သွားခဲ့ပြီး ဂျီအာရ်အေကို အပြီးသတ် ရေးဆွဲရန် သီးခြားနှင့် ပူးတွဲ အစည်းအဝေးများကို နှစ်ဘက်အဖွဲ့များနှင့် ကျင်းပခဲ့ပါသည်။ ဤအချိန်အတွင်း နှစ်ဘက် အဖွဲ့များသည် တစ်ဘက်ချင်းအတွက် ကိုယ်စားလှယ်များ၊ လုပ်ငန်းစဉ် စောင့်ကြည့် လေ့လာသူများနှင့် တိုင်ကြားသူများအား လုပ်ငန်းစဉ် တလျှောက် အကြံပေးမည့် စီအက်စ်အိုအဖွဲ့များကို ဖော်ထုတ် သတ်မှတ်၊ ညှိနှိုင်းဆွေးနွေးပြီး သဘောတူခဲ့ကြပါသည်။ နှစ်ဘက်အဖွဲ့များ တက်ရောက်သည့် အစည်းအဝေး လေးငါးကြိမ်လုပ်ပြီးသောအခါ နှစ်ဘက်အဖွဲ့များသည် ဂျီအာရ်အေကို ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလတွင် လက်မှတ် ရေးထိုးခဲ့ကြပါသည်။ ထိုကာလအတွင်း ကုမ္ပဏီသည် သဘာဝပတ်ဝန်းကျင် သက်ရောက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာ (Environmental and Social Impact Assessment – ESIA) ကို မြန်မာဘာသာသို့ ဘာသာပြန်ပြီးလည်း တိုင်ကြားသူများအား ပေးအပ်ခဲ့သည်။

ဂျီအာရ်အေတွင် အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်မှတဆင့် ဖြေရှင်းရမည့် ပြဿနာ၊ ကိစ္စရပ်များကို ဦးစားပေးအဆင့်အလိုက် အောက်ပါ အတိုင်း ဖော်ထုတ်ထားပါသည် -

(က) ရေညစ်ညမ်းခြင်း၊
(ခ) အနံ့ဆိုးနှင့် ဖုန်မှုန့်၊
(ဂ) အလုပ်သမားရေးရာ ပြဿနာများ
(ဃ) ဒေသန္တရ သဘာဝ ဂေဟစနစ်အပေါ် ထိခိုက်မှု၊
(င) လမ်းအသုံးပြုနိုင်ခြင်း၊
(စ) ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးခြင်း၊
(ဆ) ကျန်းမာရေး ထိခိုက်မှုများ
(ဇ) ဌာနေတိုင်းရင်းသား ဒေသခံများအပေါ် ထိခိုက်မှုများ ဖြစ်ပါသည်။

ဂျီအာရ်အေကို လက်မှတ် ရေးထိုးပြီးနောက် ၂၀၁၉ခုနှစ်၊ ဇန်နဝါရီလတွင် စီအေအိုသည် ပထမအကြိမ် ပူးတွဲ အစည်းအဝေးအတွက် ပြင်ဆင်ခြင်းကို စတင်ရန် တိုင်ကြားသူများနှင့် ၎င်းတို့၏ အကြံပေးများနှင့် တွေ့ဆုံ ဆွေးနွေးခဲ့ပါသည်။ ဤအဆင့်တွင် စီအေအိုမှ လုပ်ငန်းစဉ် အရှိန်နှုန်းအပေါ် စိုးရိမ်မှုများ ရှိကြောင်း ပြောကြားခဲ့ပြီး လုပ်ငန်းစဉ်ကို နှောင့်နှေး ကြန့်ကြာစေနိုင်သော လုပ်ထုံး လုပ်နည်းပိုင်း ဆိုင်ရာ ကိစ္စရပ်များကိုလည်း မီးမောင်းထိုးပြ ဆွေးနွေးခဲ့ပါသည်။ တိုင်ကြားသူများမှ ၂၀၁၈ခုနှစ်၊ ဩဂုတ်လအတွင်း တရားဝင် လုပ်ငန်းများ စတင်လည်ပတ်ခဲ့သော သြဘာစက်ရုံ(HAIC)၏ ဆက်လက် သက်ရောက်မှုအကြောင်း စိုးရိမ်မှုများကို လည်း ပြောကြားခဲ့ကြပါသည်။

[redacted]

[redacted] [redacted]

*ကိုယ်စားလှယ် (၁၈)ဦး*

<u>ဆွေးနွေးခြင်းလုပ်ငန်းစဉ်</u>

ဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ခဲ့ပါသည်။ ကနဦး နှစ်ရက်ကြာ အစည်းအဝေးလုပ်ပြီးနောက် နှစ်ဘက်လုံးမှ အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ် ရှေ့တိုးနိုင်ရေးအတွက် ၎င်းတို့နှစ်ဘက်ကြား အပြန်အလှန် စာရွက်စာတမ်းများ လိုအပ်ကြောင်း သိမြင်လာခဲ့ကြပါသည်။ အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်အတွင်း တစ်ဘက်ထံမှ အခြားတစ်ဘက် လိုအပ်မည့် စာရွက်စာတမ်းများ အားလုံးကို စာရင်း ပြုစုရန်နှင့် သဘောတူ သတ်မှတ်သည့် အချိန်ကာလတစ်ခု အတွင်း ဤစာရွက်စာတမ်းများကို ဖလှယ်ကြရန် သဘောတူခဲ့ကြပါသည်။ နှစ်ရက်တာ လုပ်ငန်းစဉ် ပြီးသွားချိန်တွင် နှစ်ဘက် အဖွဲ့များသည် နှစ်ရက်ကြာ အစည်းအဝေး၏ သတင်း ထုတ်ပြန်ချက် တစ်စောင်ကို ပူးတွဲ ရေးသား၍ ထုတ်ပြန်ခဲ့ပါသည်။

၂၀၁၉ခုနှစ်၊ မတ်လမှ မေလအတွင်း နှစ်ဘက်အဖွဲ့များသည် စာရွက်စာတမ်း ဖလှယ်ခြင်း လုပ်ငန်းစဉ်နှင့် စပ်လျဉ်း၍ ပါဝင် လုပ်ဆောင်ခဲ့ကြသည်။ တိုင်ကြားသူများသည် ကုမ္ပဏီအနေဖြင့် အိုင်အက်ဖ်စီနှင့် ရင်းနှီးမြှုပ်နှံမှု စာချုပ်များနှင့် သက်ဆိုင်သော စာရွက် စာတမ်းများ ဖြစ်သည့် မြန်မာနိုင်ငံတော် အစိုးရနှင့် ချုပ်ဆိုသော စာချုပ်၊ သဘောတူညီချက်များ၊ ပါမစ်များ၊ လိုင်စင်များအပြင် သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan – EMP)ကို ပေးအပ်ရန် တောင်းဆိုခဲ့ပါသည်။ ကုမ္ပဏီမှ တိုင်ကြားသူများအား လိုင်စင်များ၊ ပါမစ်များကို ပေးအပ်ခဲ့ပါသည်။ သို့သော် အိုင်အက်ဖ်စီနှင့် ချုပ်ဆိုထားသော စာချုပ်များတွင် ပါသော သတင်း အချက်အလက်များ၏ လျှို့ဝှက် ထိန်းသိမ်းရမည့် အပြင်/သို့မဟုတ် စီးပွားရေး လုပ်ငန်းပိုင်းအရ ထိရှလွယ်သော သဘာဝတို့ကြောင့် ကုမ္ပဏီမှ ဤစာရွက် စာတမ်းများကို တိုင်ကြားသူများအား ပေးရန် မဖြစ်နိုင် သို့မဟုတ် မသင့်တော်ကြောင်း ပြောကြားခဲ့ပါသည်။ ကုမ္ပဏီမှ သက်ဆိုင်ရာ ဝန်ကြီးဌာနမှ အတည်ပြုလိုက်သော သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ်(အီးအမ်ပီ) ရသည်နှင့် တိုင်ကြားသူများအား ပေးရန် ကတိ ပေးခဲ့ပါသည်။ ရလဒ်အဖြစ် မြန်မာဘာသာဖြင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်ကို ဤကာလအတွင်း တိုင်ကြားသူများအား ပေးအပ်ခဲ့ပါသည်။

၂၀၁၉ခုနှစ်၊ မေလတွင် စီအေအိုသည် အခြေခံစည်းမျဉ်းထဲတွင် ဖော်ထုတ်ထားသော ပြဿနာ၊ ကိစ္စရပ် ရှစ်ခုကို ဖြေရှင်းရာတွင် ရှေ့ဆက်သွားမည့် နည်းလမ်းကို နှစ်ဘက်အဖွဲ့များနှင့် သီးခြား တွေ့ဆုံ

ဆွေးနွေးခဲ့ပါသည်။ တချိန်တည်းမှာပင် တိုင်ကြားသူများမှ သြဘာစက်ရုံတွင် အိုင်အက်ဖ်စီ၏ ရင်းနှီးမြှုပ်နှံမှုနှင့် စပ်လျဉ်း၍ မေးမြန်းလိုသည်များနှင့် ၎င်းတို့၏ စိုးရိမ်မှုများကို ပြောပြလိုသဖြင့် အိုင်အက်ဖ်စီအား တွေ့ဆုံနိုင်ရန် နှင့်/သို့မဟုတ် အိုင်အက်ဖ်စီမှ အငြင်းပွားမှု ဖြေရှင်းရေးလုပ်ငန်းစဉ်တွင် စောင့်ကြည့် လေ့လာသူအဖြစ် ပါဝင်ရန် အတွက် အိုင်အက်ဖ်စီနှင့် တိုင်ကြားသူများ အစည်းအဝေး တစ်ခု ပြုလုပ်ပေးရေးကို စီအေအိုအဖွဲ့အား အိုင်အက်ဖ်စီ စီမံကိန်းအဖွဲ့နှင့် ကြားမှ ညှိနှိုင်း စီစဉ်ပေးရန်လည်း တောင်းဆိုခဲ့ပါသည်။

စီအေအိုသည် တိုင်ကြားသူများ၏ တောင်းဆိုချက်ကို လေ့လာရန် အိုင်အက်ဖ်စီနှင့် စတင် ဆွေးနွေးခဲ့ပါသည်။ သို့သော် နောက်ပိုင်းတွင် တိုင်ကြားသူများမှ အိုင်အက်ဖ်စီနှင့် မတွေ့ဆုံဘဲ ဒီအာရ်လုပ်ငန်းစဉ်ဖြင့် ဆက်လုပ်သွားရန် ဆုံးဖြတ်ခဲ့ပါသည်။ ကုမ္ပဏီနှင့် ဆွေးနွေးခြင်းနှင့် စီမံကိန်းအကြောင်း သတင်း အချက်အလက်များကို ကုမ္ပဏီထံမှ လက်ခံ ရယူခြင်းကို ဦးစားပေးရန် ဆုံးဖြတ်ခဲ့ကြသည်။ တိုင်ကြားသူများသည် ကုမ္ပဏီမှ သတင်း အချက်အလက် တောင်းဆိုရာတွင်လည်း ကန့်သတ်ပြီး ကုမ္ပဏီ၊ ESIA အစီရင်ခံစာ၊ EMP အစီအစဉ်နှင့် ဆက်စပ် ကိစ္စရပ်များ စသည်တို့နှင့် တိုက်ရိုက် သက်ဆိုင်သည်များကိုသာ သတင်း အချက်အလက် တောင်းဆိုရန် ဆုံးဖြတ်ခဲ့ကြပါသည်။

၂၀၁၉ခုနှစ် ဇွန်လနှင့် ဇူလိုင်လကြားတွင် နှစ်ဘက်အဖွဲ့များသည် သတင်းအချက်အလက် ဖလှယ်ခြင်းကို ဆက်လုပ်ခဲ့ကြပြီး တိုင်ကြားသူများသည် သြဘာစက်ရုံ လုပ်ငန်းများ လည်ပတ်ခြင်းနှင့် ယင်းတို့၏ သဘာဝ ပတ်ဝန်းကျင်နှင့် အလုပ်သမားများအပေါ် သက်ရောက်မှုများနှင့် စပ်လျဉ်း၍ စိုးရိမ်မှုများကို ဆက်လက် ပြောကြားခဲ့ကြပါသည်။ စီအေအိုသည် တိုင်ကြားသူများ၏ အကြံပေးများ နှင့်လည်း ဆွေးနွေးရာ အကြံပေးများမှ ရေပြဿနာ၊ ကိစ္စရပ်နှင့် စပ်လျဉ်း၍ ဆွေးနွေးရန် အချက်များကို ရေးသားပြုစုရာတွင် အကူအညီပေးရန် အကြံပြုခဲ့ကြပါသည်။ ၂၀၁၉ခုနှစ်၊ ဇူလိုင်လတွင် နှစ်ဘက်အဖွဲ့များသည် ပထမကိစ္စဖြစ်သည့် ရေပြဿနာကို ပူးတွဲ ရေစမ်းသပ် စစ်ဆေးခြင်း အားဖြင့် ကိုင်တွယ်ဖြေရှင်းရန် သဘောတူခဲ့ကြပါသည်။ ပူးတွဲ ရေစမ်းသပ် စစ်ဆေးခြင်း မူဘောင်ကို နောက်တစ်ကြိမ် လုပ်မည့် ပူးတွဲအစည်းအဝေးတွင် ဆွေးနွေးရန် သဘောတူခဲ့ကြပါသည်။

၂၀၁၉ခုနှစ်၊ သြဂုတ်လအတွင်း ပူးတွဲ အစည်းအဝေးတွင် စီအေအိုသည် ၂၀၁၈ခုနှစ်၊ ဇူလိုင်လတွင် စတင်ချိန်မှစ၍ ဒီအာရ် လုပ်ငန်းစဉ်အတွင်း ရထားသော တိုးတက်မှုကို ပြန်လည် သုံးသပ်ခဲ့သည်။ အားလုံးသော အဖွဲ့များမှ လုပ်ငန်းစဉ် အရှိန်နှုန်းသည် အလွန်နှေးကြောင်း သဘောတူခဲ့ကြပါသည်။ စီအေအိုမှ ပူးတွဲကော်မတီ အပါအဝင် အခြားသော အမှုများတွင် အသုံးပြုခဲ့သော ယန္တရားများနှင့် နည်းလမ်းများကို တင်ပြ ဆွေးနွေးခဲ့ပါသည်။ ယင်းတို့သည် အငြင်းပွားသူအဖွဲ့များအား အခြားသော အမှုများတွင် လုပ်ငန်းစဉ် ရှေ့ရောက်အောင် ထိထိရောက်ရောက် ကူညီပေးခဲ့ကြသည်။ နှစ်ဘက်အဖွဲ့များမှ ပူးတွဲကော်မတီ ခေါ် ဂျေစီ

(Joint Committee, JC) တစ်ခု မည်သို့ လုပ်ဆောင်သည်ကို သိလိုကြောင်း စိတ်ဝင်စားမှုကို ဖော်ပြခဲ့ကြသည်။ စီအေအိုမှ ဂျေစီတွင် လူပိုနည်းသော အဖွဲ့ငယ် တစ်ဖွဲ့ဖြစ်ပြီး ပြဿနာ၊ ကိစ္စရပ် ရှစ်ခုကို တစ်ခုချင်း ဖြေရှင်းရာတွင် ရွေးချယ်စရာ နည်းလမ်းများ ဖော်ထုတ်ပေးရန် ဖြစ်ပြီး ရေညစ်ညမ်းခြင်း ကိစ္စနှင့် စတင်ရန် ဖြစ်၍ ရွေးချယ်စရာ နည်းလမ်းများကို ပို၍ ကြီးမားကျယ်ပြန့်သော အားလုံး ပါဝင်သည့် အဖွဲ့သို့ ဆုံးဖြတ်ချက် ချမှတ်ရန်အတွက် ပြန်လည် တင်ပြရန် ဖြစ်ပါသည်။

စီအေအိုသည် ဂျေစီ၏ အခန်းကဏ္ဍကို ရှင်းပြပြီး နှစ်ဘက်အဖွဲ့များအနေဖြင့် ၎င်းတို့၏ အမြင်များနှင့် ဂျေစီဖွဲ့ခြင်းနှင့်စပ်လျဉ်း၍ စိုးရိမ်မှု တစ်စုံတစ်ရာများ ရှိခဲ့လျှင် ဆွေးနွေးရန် တစ်ဘက်အဖွဲ့ချင်းနှင့် သီးခြား အစည်းအဝေးများ လုပ်ခဲ့ပါသည်။ နှစ်ဘက်အဖွဲ့များ ပူးတွဲ အစည်းအဝေးသို့ ပြန်လာကြသောအခါ စီအေအိုသည် ဂျေစီမည်သို့ လုပ်ဆောင်သည်ကို နှစ်ဘက်အဖွဲ့များနှင့် role play သရုပ်ပြ ဆွေးနွေးမှုတစ်ခု လုပ်ခဲ့ပြီး နှစ်ဘက်အဖွဲ့များမှ လုပ်ငန်းစဉ်အပေါ် ပြန်၍ အကြံပြုချက်၊ ထင်မြင်ချက်များ ပေးရန် အခွင့်အလမ်းတရပ် ပေးခဲ့ပါသည်။ နှစ်ဘက်အဖွဲ့များမှ ဂျေစီဖွဲ့၍ လုပ်ငန်းစဉ်ကို ရှေ့ဆက်သွားရန် ဆုံးဖြတ်ခဲ့ကြပါသည်။ တိုင်ကြားသူများဘက်မှ ကိုယ်စားလှယ် ဆယ်ဦး ရွေးချယ်ခဲ့ပြီး ကုမ္ပဏီဘက်မှ ကိုယ်စားလှယ် ငါးဦး ရွေးချယ်ခဲ့ပါသည်။ ဂျေစီအဖွဲ့ဝင်များသည် ၎င်းတို့ဂျေစီအတွင်း ဆက်သွယ် ပြောကြားရာတွင် လုံခြုံ၊ လျင်မြန်သော သတင်းအချက်အလက် ဖြန့်ဝေမှုတခု အဆင်ပြေစေရန် [redacted] [redacted] group ဖိုင်ဘာအုပ်စု ဖွဲ့ခဲ့ကြပါသည်။

နှစ်ဘက်အဖွဲ့များမှ အကြံပေးများနှင့် ကျေးရွာ[redacted]မှ အခြား စိတ်ဝင်စားသော ဒေသခံ ကိုယ်စားလှယ်များအား ဂျေစီ အစည်းအဝေးများတွင် စောင့်ကြည့် လေ့လာခွင့် ပြုထားသော်လည်း ထိုအစည်းအဝေးများတွင်မူ တက်ကြွစွာ ပါဝင် ဆွေးနွေးနိုင်ခွင့် မရှိကြောင်း သဘောတူခဲ့ကြပါသည်။ နှစ်ဘက်အဖွဲ့များသည် ဂျေစီအစည်းအဝေးများကို ၎င်းတို့ပူးတွဲ ဦးဆောင်မောင်းနှင်ရန်လည်း သဘောတူခဲ့ကြပြီး လိုအပ်ပါက အဆင်ပြေ ချောမွေ့အောင် ပံ့ပိုးကူညီခြင်းတွင် ကူညီပေးရန် စီအေအိုသည် ကနဦးအစည်းအဝေးများကို တက်ရောက်ရန် ဖြစ်ပါသည်။

[redacted]

*ပူးတွဲအစည်းအဝေး၊ ၂၀၁၉ခုနှစ်၊ ဩဂုတ် - ပူးတွဲကော်မတီဖွဲ့ခြင်းအကြောင်း ဆွေးနွေးခြင်း*

ပထမအကြိမ် ဂျေစီအစည်းအဝေးကို ၂၀၁၉ခုနှစ်၊ စက်တင်ဘာလတွင် ကျင်းပခဲ့ပါသည်။ ပထမအကြိမ် ဂျေစီအစည်းအဝေး ပြီးချိန်တွင် ဂျေစီအဖွဲ့ဝင်များမှ ဂျေစီအတွက် လုပ်ငန်းတာဝန်များ (terms of reference)

မူကြမ်းကို ဆွေးနွေးခဲ့ကြပြီး နောင်ဂျေစီ အစည်းအဝေးများအတွက် အခြေခံ စည်းမျဉ်းများ မူကြမ်းကိုပါ သဘောတူခဲ့ကြပါသည်။ ဂျေစီမှ ၎င်းတို့ ဂျေစီအတွက် ချမှတ်သော မည်သည့် အခြေခံစည်းမျဉ်းမဆို ၂၀၁၈ခုနှစ်၊ ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့သော အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်အတွက် ဂျီအာရ်အေနှင့် ကိုက်ညီသင့်ကြောင်း အသိအမှတ်ပြုခဲ့ကြပါသည်။ ဂျေစီအဖွဲ့ဝင်များသည် နောက်တစ်ကြိမ် ဂျေစီအစည်းအဝေးတွင် ၎င်းတို့၏ လုပ်ငန်း တာဝန်များနှင့် အခြေခံ စည်းမျဉ်းများကို အတည်ပြု ဆွေးနွေးရန်နှင့် ရေညစ်ညမ်းမှု ပြဿနာ၊ ကိစ္စရပ်ကို ဖြေရှင်းနိုင်မည့် ရွေးချယ်စရာ နည်းလမ်းများကို ဆွေးနွေးမှုများ စတင်ရန် သဘောတူ ခဲ့ကြပါသည်။

၂၀၁၉ခုနှစ်၊ စက်တင်ဘာလအတွင်းမှာပင် ဒုတိယ ဂျေစီအစည်းအဝေးကို ကျင်းပနေစဉ် ဂျေစီသည် လုပ်ငန်းတာဝန်များဆိုင်ရာ ဆွေးနွေးခြင်းကို အပြီးသတ်ခဲ့ပြီး ဂျေစီအစည်းအဝေးများအတွင်း စီအေအိုရ်၏ အခန်းကဏ္ဍကိုပါ သတ်မှတ်ခဲ့ပါသည်။ ဂျေစီသည် ရေညစ်ညမ်းမှု ပြဿနာနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင် ပညာရှင်များ ခန့်အပ်ခြင်း၊ စောင့်ကြည့် လေ့လာသူ/ အကြံပေးများ၏ အခန်းကဏ္ဍ၊ ရေစမ်းသပ် စစ်ဆေးရေး အတွက် သတ်မှတ်ချက်များ၊ စမ်းသပ် စစ်ဆေးရန် ရေနမူနာယူမည့် နေရာများနှင့် ရေစမ်းသပ် စစ်ဆေးခြင်းအတွက် ကုန်ကျစရိတ်များနှင့် ရန်ပုံငွေရရှိရေး စသည့် ပူးတွဲ ရေစမ်းသပ် စစ်ဆေးရေးနှင့် စပ်လျဉ်းသော ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။ ဒုတိယအကြိမ် ဂျေစီအစည်းအဝေး ပြီးခါနီးတွင် တိုင်ကြားသူများဘက်မှ [redacted]။

၎င်းအစည်းအဝေးပြီးသွားသောအခါ စောင့်ကြည့်လေ့လာသူများအဖြစ် တက်ရောက်ခဲ့ကြသည့် တိုင်ကြားသူ ကိုယ်စားလှယ်အုပ်စုသည် [redacted] စိုးရိမ်မှုများကို ပြောကြားခဲ့ကြသည်။ ကုမ္ပဏီသည် တိုင်ကြားသူဘက် ဂျေစီ ကိုယ်စားလှယ်များအား လွှမ်းမိုးရန်နှင့် ဒေသခံလူထု တစ်ရပ်လုံးကိုပါ သွေးကွဲအောင် ကြိုးစားနေခဲ့သည်ဟု ထင်မြင်ခဲ့ကြသည်။ ရလဒ်အဖြစ် တိုင်ကြားသူများအုပ်စုထဲမှ အဖွဲ့ဝင်အချို့ (“တိုင်ကြားသူအုပ်စု-က”)သည် အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်မှ ထွက်လိုကြောင်း၊ စီအေအိုရ်၏ စည်းကမ်း

လိုက်နာရေး ယန္တရားသို့ အမှုကို ရွှေ့ပြောင်းလိုကြောင်း ဆန္ဒကို လူသိရှင်ကြား စတင် ထုတ်ဖော်ပြောဆိုခဲ့ကြသည်။ ဤအဖွဲ့သည် အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်၏ အခြေခံစည်းမျဉ်း သဘောတူညီချက်မှာ ကန့်သတ် ချုပ်ချယ်ရာကျကြောင်း၊ လုပ်ငန်းစဉ် အကြောင်း အသေးစိတ် အချက်အလက်များကို အများသူငှာ သိရှိအောင် မျှဝေခြင်းမှ ၎င်းတို့အား ပိတ်ပင်ထားကြောင်းလည်း ပြောကြသည်။

ဤဖြစ်ပျက်မှု ရှိသော်လည်း၊ အခြား ကိုယ်စားလှယ်များမှ စီအေအိုအား အမှုကို စည်းကမ်း လိုက်နာရေးပိုင်းသို့ ပြောင်းပေးစေ လိုသော်လည်း ကုမ္ပဏီနှင့် အချို့သော တိုင်ကြားသူဘက်မှ ဂျေစီကိုယ်စားလှယ်များ (“တိုင်ကြားသူအုပ်စု-ခ”)သည် ပြဿနာ၊ ကိစ္စရပ် ရှစ်ခုကို လက်ရှိ အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်မှတဆင့် ဖြေရှင်းလိုသည့် ဆန္ဒနှင့် လုပ်ချင်စိတ်အကြောင်းကို ထုတ်ဖော် ပြောကြားခဲ့ပါသည်။

၂၀၁၉ခုနှစ်၊ နိုဝင်ဘာလတွင် စီအေအိုအဖွဲ့သည် အကြံပေးများနှင့်အတူ တိုင်ကြားသူအုပ်စု-ကဖြင့် လည်းကောင်း၊ တိုင်ကြားသူအုပ်စု-ခဖြင့် လည်းကောင်း သီးခြား အစည်းအဝေးများ လုပ်ခဲ့ပါသည်။ ဤအစည်းအဝေးများ၏ ရည်ရွယ်ချက်မှာ စီအေအိုအနေဖြင့် တိုင်ကြားသူ အုပ်စုများအတွင်း ကွဲလွဲသော အမြင်များ၏ အကြောင်းရင်းများကို သိရှိနားလည်ရန်နှင့် ၎င်းတို့အား စည်းကမ်း လိုက်နာရေး လုပ်ငန်းစဉ်ကို သိရှိနားလည်အောင် ကူညီပေးရန် ဖြစ်ပါသည်။ အကြံပေးများသည် အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်မှ နှုတ်ထွက်၍ စီအေအို၏ စည်းကမ်း လိုက်နာရေးယန္တရားသို့ ပြောင်းခြင်းကို ပံ့ပိုး ထောက်ခံကြောင်း အတည်ပြုခဲ့ကြပါသည်။ ၎င်းတို့မှ စီအေအိုအနေဖြင့် မည်သူများသည် အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်ကို ဆက်လုပ်လို၍ မည်သူတို့သည် ထိုလုပ်ငန်းစဉ်မှ နှုတ်ထွက်လိုကြောင်း နားလည်အောင် ကူညီပေးခဲ့ကြပါသည်။

စီအေအိုသည် တိုင်ကြားသူအုပ်စု-ကနှင့် တိုင်ကြားသူအုပ်စု-ခတို့အကြား ဆွေးနွေးမှု တစ်ခုကို အဆင်ပြေ ချောမွေ့အောင် ပံ့ပိုး ကူညီပေးရန်လည်း ကြိုးစား အားထုတ်ခဲ့ပါသေးသည်။ သို့သော် နှစ်အုပ်စုလုံးနှင့် သီးခြား စကားပြောပြီး သောအခါ စီအေအိုသည် ထိုသို့သော ဆွေးနွေးမှုမျိုးသည် အုပ်စုနှစ်စုကြား လက်ရှိ တင်းမာမှုများကြောင့် ဆောင်ရွက်နိုင်ဖွယ် မရှိကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

ရှေ့ဆက်သွားမည့် အပိုင်းနှင့် စပ်လျဉ်း၍ ရပ်ရွာလူထုများ ချမှတ်ထားသော ဆုံးဖြတ်ချက်ကို သေချာစွာ သိရှိနိုင်ရန် တိုင်ကြားသူများကို ကိုယ်စားပြုသည့် ရွာ[redacted]းရွာမှ ကိုယ်စားလှယ် [redacted]ဦးကို တိုင်ပင် ဆွေးနွေးခဲ့ပါသည်။ ဒေသခံပြည်သူများသည် မည်သို့ ရှေ့ဆက် လုပ်ဆောင်ခြင်းကြောင်း စဉ်းစားရာတွင် အမြင်များ ကွဲနေသော ပုံစံရှိသဖြင့် စီအေအိုသည် အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်အစတွင် တိုင်ကြားသူများမှ ရွေးချယ်ပေးခဲ့သော ကိုယ်စားလှယ် [redacted]ဦးထံမှ ရှင်းလင်းသော တာဝန်ပေးချက်ကို ရယူခဲ့ကြောင်း သေချာစေရန် တိုင်ပင် ဆွေးနွေးခဲ့ပါသည်။ စီအေအို သိထားသမျှဆိုလျှင် ကိုယ်စားလှယ်များကို

တိုင်ကြားသူများမှ စစ်မှန် ကောင်းမွန်စွာ တာဝန်ပေးအပ်ခံထားရသူများ အဖြစ် ဆက်ရှိနေကြပါသည်။

၂၀၁၉ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၂၀ခုနှစ်၊ ဇန်နဝါရီလအတွင်း ကိုယ်စားလှယ[redacted]းနှင့် တိုင်ပင်ဆွေးနွေးခဲ့ခြင်းများမှ ရရှိခဲ့သော သတင်းအချက်အလက်အရ ကျေးရွာ[redacted]ရွာမှ ကိုယ်စားလှယ် [redacted]ဦးသည် စီအေအိုအား တိုင်ကြားချက်ကို စည်းကမ်း လိုက်နာရေး ယန္တရားသို့ လွှဲပြောင်းစေလိုသော ဆန္ဒကို အတည်ပြု ခဲ့ကြပါသည်။ ကိုယ်စားလှယ် [redacted]းသည် ဒီအာရ်လုပ်ငန်းစဉ်ဖြင့် ဆက်သွားလိုပြီး ကိုယ်စားလှယ် [redacted]း၏ စိတ်သဘောထားကို သိရရန် ဆက်သွယ်၍ လုံးဝ မရခဲ့ပါ။

ကုမ္ပဏီမှ အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်ကို ဆက်လုပ်လိုသော ဆန္ဒရှိကြောင်း ဖော်ပြခဲ့ပြီး ဒေသခံရပ်ရွာ လူထုနှင့် ကောင်းမွန်သော ဆက်ဆံရေးများ တည်ဆောက်လိုသော ဆန္ဒကို ဖော်ပြခဲ့ပါသည်။ ကုမ္ပဏီအနေဖြင့် လိုအပ်ပါက စည်းကမ်း လိုက်နာရေး လုပ်ငန်းစဉ်နှင့် အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ် နှစ်ခုလုံး ဆက်လုပ်ရန် စိတ်ထက်သန်မှုရှိကြောင်း ပြောကြားခဲ့ပါသည်။ အငြင်းပွားမှု ဖြေရှင်းရေးကို ဆက်သွားလိုသော တိုင်ကြားသူ ကိုယ်စားလှယ်အုပ်စုမှ စွပ်စွဲထားသည့် ခြိမ်းခြောက်မှုများနှင့် လက်တုန့်ပြန်မှုများ အပါအဝင် တိုင်ကြားသူ ကိုယ်စားလှယ်များနှင့် ကုမ္ပဏီတို့ထံမှ ရရှိသော သတင်း အချက်အလက်များ အားလုံးကို ဆန်းစစ် သုံးသပ်ပြီးသည့်နောက် စီအေအိုအနေဖြင့် ထိုဝန်းကျင်သည် အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်အတွက် အထောက်အကူ မဖြစ်ကြောင်း၊ ဆွေးနွေးမှု လုပ်ငန်းစဉ်ကိုလည်း စီအေအိုမှ ဆက်လက်၍ အဆင်ပြေချောမွေ့အောင် ပံ့ပိုး ကူညီခြင်းကို ဆက်လက်၍ မလုပ်နိုင်တော့ကြောင်း သုံးသပ် ကောက်ချက်ချခဲ့ပါသည်။ စီအေအိုတွင် မည်သည့် ကျေးရွာထံမှမဆို ဆွေးနွေးမှု ဆက်လုပ်သွားရန် ရှင်းလင်းပြီး တညီတညွတ်တည်းရှိသည့် လုပ်ပိုင်ခွင့် မရရှိခဲ့ပါ။ ကုမ္ပဏီနှင့် ဆွေးနွေးမှုကို ဆက်လုပ်လိုသော ဒေသခံ ကိုယ်စားလှယ်များအား စီအေအိုပါဝင်မှု မပါဘဲ အခြားနည်းလမ်းများ ရှာဖွေ၍ ဆွေးနွေးမှုများကို ဆက်လုပ်ဆောင်ရန် တိုက်တွန်းအားပေးခဲ့ပါသည်။ စီအေအို၏ လုပ်ငန်းပိုင်းလမ်းညွှန်ချက်များအတိုင်း တိုင်ကြားချက်ကို စီအေအို၏ စည်းကမ်း လိုက်နာရေး ယန္တရားသို့ လွှဲပြောင်းနေပြီ ဖြစ်ပါသည်။

## စိန်ခေါ်မှုများနှင့် ရရှိခဲ့သော သင်ခန်းစာများ

သြဘာအမှုသည် မြန်မာနိုင်ငံတွင် စီအေအို၏ ပထမဆုံးသော တိုင်ကြားချက် ဖြစ်ခဲ့ပါသည်။ ပါဝင်သော အဖွဲ့များအားလုံးသည် စိန်ခေါ်မှုများနှင့် မှတ်သားသင်ယူဖွယ် အခွင့်အလမ်းများကို ရခဲ့ကြပါသည်။ DR လုပ်ငန်းစဉ်အတွင်း တိုင်ကြားသူများ၊ အကြံပေးများနှင့် စီအေအိုအဖွဲ့တို့မှ တွေ့ရှိခဲ့သော စိန်ခေါ်မှုများနှင့် သင်ခန်းစာများမှာ -

### တိုင်ကြားသူများ

တိုင်ကြားသူများသည် ပူးတွဲကော်မတီ (ဂျေစီ)ဖွဲ့ခြင်းကြောင့် မမျှော်မှန်းထားသော စိန်ခေါ်မှုများစွာ ဖြစ်ပေါ်စေခဲ့ကြောင်း

ပြောခဲ့ပါသည်။ ထိုစိန်ခေါ်မှုများကြောင့် နောက်ဆုံးတွင်မှု ဒီအာရ်လုပ်ငန်းစဉ်ကို အဆုံးသတ်ရန် ၎င်းတို့ ဆုံးဖြတ်ရသည်အထိ ဖြစ်သွားခဲ့သည်။ တိုင်ကြားသူအုပ်စုအတွင်း သဘောထား ကွဲလွဲမှုများ ဖြစ်ပေါ်ရခြင်းသည် ဂျေစီ၏ အလုပ်လုပ်ခြင်း အပါအဝင် ကိစ္စပေါင်းများစွာမှ ဖြာထွက်လာသော အကိုင်းအခက်တစ်ခု ဖြစ်ကြောင်း သိရှိခဲ့ရပါသည်။ တိုင်ကြားသူများသည် ဂျေစီတွင် ပါဝင်သူ အရေအတွက် ကန့်သတ်ခြင်းကြောင့် ၎င်းတို့အထဲတွင် ဖယ်ကြဉ်ခံရခြင်းနှင့် သွေးကွဲခြင်း ခံစားချက် ဖြစ်ပေါ်စေခဲ့ကြောင်း အသိပေးခဲ့ကြပါသည်။ ထို့မျှမက ဂျေစီကို ဖွဲ့စည်းထားပုံနှင့် လုပ်ငန်း လုပ်ဆောင်ပုံတို့အရ စီအေအိုသည် နောက်တန်း ရောက်သွားပြီး စီအေအိုမှ လိုအပ်လျှင် ပံ့ပိုးကူညီပေးခြင်းဖြင့် နှစ်ဘက်အဖွဲ့များအား အစည်းအဝေးကို ပူးတွဲ ဦးဆောင်ကျင်းပစေခြင်း ဖြစ်ပေါ်လာခြင်းကြောင့် စကားပြောဆို ဆွေးနွေးမှုတွင် ပို၍ ခက်ခဲလာသည်ဟု ခံစားခဲ့ကြရသည်။ ဤသို့ ဖြစ်ခြင်းကြောင့် ကုမ္ပဏီသည် ဂျေစီလုပ်ငန်းစဉ်ကို ဦးဆောင်လာြီး တိုင်ကြားသူများသည် ပါဝါ မညီမျှမှုတစ်ခုကို ခံစားခဲ့ရသည်။ တိုင်ကြားသူများမှ ကုမ္ပဏီသည် ဆက်သွယ်ရေး အခက်အခဲရှိခြင်းကို ဖြေရှင်းရန် [redacted]အား လက်ကိုင်ဖုန်းများ ဝေပေးရန် ဆုံးဖြတ်ခြင်းသည် တိုင်ကြားသူများ အုပ်စုအား ကြိုတင်အသိပေး တိုင်ပင်ခြင်း မရှိဘဲ လုပ်ခဲ့ကြောင်း ရှင်းပြခဲ့သည်။ ဤသို့ လုပ်ခြင်းကြောင့် တိုင်ကြားသူ အုပ်စုများအကြား ပို၍ သဘာထား ကွဲလွဲမှု ရှိလာစေပြီး အချို့က ဤလုပ်ရပ်ကို ကုမ္ပဏီသည် [redacted] မျက်နှာလိုက်အောင် ငွေဖြင့် ဝယ်သည်ဟု ထင်ခဲ့ကြသည်။ တိုင်ကြားသူများသည် ဂျေစီကို ဖွဲ့စည်းထားပုံနှင့် အလုပ်လုပ်ပုံတို့ကြောင့် စီအေအိုနှင့် ဒီအာရ် လုပ်ငန်းစဉ် ထားရှိသည့် ၎င်းတို့၏ ယုံကြည်မှုကို လျော့နည်းစေကြောင်းလည်း ပြောကြားခဲ့ပါသည်။

**အကြံပေးများ**

အကြံပေးများသည် တိုင်ကြားသူများနှင့် ကုမ္ပဏီတို့အကြား မယုံကြည်မှုသည် နောက်ဆုံးတွင် တိုင်ကြားသူများမှ ဒီအာရ်လုပ်ငန်းစဉ်ကို ရပ်ရန် ရွေးချယ်စေသည့် အကြောင်းအရင်းများထဲမှ တစ်ချက်ဖြစ်ကြောင်း ယူဆခဲ့ကြသည်။

ထို့အပြင် အကြံပေးများသည် ဒီအာရ်လုပ်ငန်းစဉ် အရှိန်နှုန်းသည် အလွန် နှေးကွေးကြောင်း၊ ထို့ကြောင့် တိုင်ကြားသူများအနေဖြင့် ဒီအာရ်လုပ်ငန်းစဉ်ကို ဆက်သွားခြင်းမှ စိတ်ပျက်သွားစေကြောင်းလည်း မှတ်ချက်ပြုခဲ့ကြသည်။ ထိုမျှမက ၎င်းတို့၏ အမြင်တွင် စာရွက်စာတမ်းများ ဖလှယ်ခြင်း လုပ်ငန်းစဉ်သည် အလွန် အချိန်ကြာမြင့်ခဲ့ပြီး မလိုလားအပ်သော နှောင့်နှေးမှုများလည်း လုပ်ငန်းစဉ်ပေါ်သို့ ဖြစ်ပေါ်စေခဲ့သည်။

**စီအေအို**

စီအေအိုအနေဖြင့် အမှုတိုးတက်ခဲ့သော အရှိန်နှုန်းသည် အားလုံးသော အဖွဲ့များတွင် စိတ်ပျက်စရာ ဖြစ်ခဲ့ကြောင်း မှတ်ချက်ပြုခဲ့သည်။ နှောင့်နှေးကြန့်ကြာရသည့် အကြောင်းအရင်းများထဲတွင် အချက်အလက်များစွာ ပါနေပြီး စီအေအို လုပ်ငန်းစဉ်အစတွင် စကားပြန် တစ်ဦးနှင့် မြန်မာနိုင်ငံမှ စေ့စပ်ညှိနှိုင်း ဖြန်ဖြေသူ တစ်ဦး ရှာရာတွင် တွေ့ကြုံရသော စိန်ခေါ်မှုများလည်း ပါဝင်သည်။

နှစ်ဘက်အဖွဲ့များအကြား ထိရောက်သော တွေ့ဆုံဆွေးနွေးမှု ဖြစ်စေရန် လိုအပ်သော စာရွက်စာတမ်းများကို ဘာသာပြန်ခြင်းနှင့် ဖလှယ်ခြင်းတို့အတွက် စောင့်ဆိုင်းရသဖြင့် ဆက်လက် ကြန့်ကြာမှုများကို ကြုံတွေ့ခဲ့ရသည်။ နှစ်ဘက်အဖွဲ့များသည် ၎င်းတို့အဖွဲ့တွင်းသာမက ကိုယ်စားပြုသည့် လူထုများနှင့် ပြန်လည် ညှိနှိုင်းတိုင်ပင် ဆွေးနွေးရန် အချိန်ကြာကြာ မကြာခဏ ယူလေ့ရှိပါသည်။

စီအေအိုသည် တိုင်ကြားသူများ၊ ကုမ္ပဏီနှင့် အကြံပေးများအနေဖြင့် စီအေအို၏ ဒီအာရ် လုပ်ငန်းစဉ်နှင့် ရင်းနှီးမှု ရှိစေရန်နှင့် တွေ့ဆုံ၊ ဆွေးနွေး၊ ပါဝင် လှုပ်ရှားနိုင်ရန် စွမ်းဆောင်ရည် တည်ဆောက်ရေး အပိုင်းများ လုပ်ခဲ့ပါသည်။ ၎င်းတို့သည် စွမ်းဆောင်ရည် မြှင့်တင်ရေး လုပ်ငန်းစဉ် လိုအပ်ချက်ကို နားလည်ကြ သော်လည်း ထိုသို့လုပ်ခြင်းကြောင့် စေ့စပ် ညှိနှိုင်း ဖြန်ဖြေမှု လုပ်ငန်းစဉ် အစမှာပင် နှောင့်နှေးစေခဲ့ကြောင်းလည်း ပြောခဲ့ကြပါသည်။

စီအေအိုလုပ်ငန်းစဉ် စတင်သည်မှစ၍ တိုင်ကြားသူများသည် စီအေအို ပါဝင် ဆောင်ရွက်ပေးခြင်းမှ ရမည့် ရလဒ်အပေါ် သဘောထားများ ကွဲလွဲနေပုံ ရှိခဲ့ကြသည်။ ဥပမာ - အချို့က စက်ရုံကို နေရာ ရွှေ့သွားစေချင်ပြီး ကျန်သူများကမူ တင်ပြထားသော ပြဿနာ၊ ကိစ္စရပ်များအတွက် ဖြေရှင်းနည်းများ ရှာရန် ကုမ္ပဏီနှင့် တွေ့ဆုံဆွေးနွေးလိုကြသည်။ စီအေအို၏ ညှိနှိုင်းဖြန်ဖြေရေးအဖွဲ့သည် ၎င်းတို့ကြား ရှေ့ဆက်သွားရန် လမ်းကြောင်း တစ်ခုအပေါ် သဘောတူညီမှုတစ်ခု ရရေးအတွက် ကူညီပေးရန် ကြိုးစားခဲ့ပါသည်။ သို့သော် အမှု တိုးတက်လာသည့်နှင့်အမျှ တိုင်ကြားသူများသည် အများသဘောတူညီမှု မရနိုင်ဘဲ ကွဲလွဲခြားနားသော အကျိုးစီးပွားများကြောင့် တင်းမာမှုများ ဖြစ်လာခဲ့ပြီး နောက်ဆုံးတွင် အငြင်းပွားမှု ဖြေရှင်းရေး လုပ်ငန်းစဉ်ဖြင့် ဆက်သွားလိုသော အုပ်စုတစ်စုနှင့် တိုင်ကြားချက်ကို စည်းကမ်း လိုက်နာရေးသို့ လွှဲပြောင်းလိုသော အုပ်စုတစ်စုတို့ ပေါ်ထွက်လာခဲ့ပေသည်။

***ယခုအမှုနှင့် စပ်လျဉ်းသော စာရွက်စာတမ်းများ အားလုံးကို [www.cao-ombudsman.org](www.cao-ombudsman.org) စီအေအို ဝဘ်ဆိုဒ် တွင် ရရှိနိုင်ပါသည်***